ဆားချက်ကျေးရွာ

လပွတ္တာမြို့နယ်

Village Development Plan

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

( ၂၀၂၀-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆားချက်ကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီး

ဆားချက်ကျေးရွာ သယံဇာတပြမြေပုံ

ဆားချက်ကျေးရွာ ရာသီခွင်ပြမြေပုံ

ဆားချက်ကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့

ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကဘာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊

ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြု ဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဆားချက်ကျေးရွာ

လပွတ္တာမြို့နယ်

ဆားချက်ကျေးရွာ သယံဇာတပြမြေပုံ ၊ လပွတ္တာမြို့နယ်

N



ဆားချက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ - ၁၉.၄.၂၀၂၁



## ဆားချက်ကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဆားချက်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ဆားချက်ကျေးရွာအုပ်စုတွင် တည်ရှိသည်။ ဆားချက်ကျေးရွာ၏ ရွာတွင်းလမ်းမှာ များသောအားဖြင့် သဲလမ်းများဖြစ်ကြပြီး စုစုပေါင်း လမ်းအရှည်မှာ (၁၈၈၀ ပေ) ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဘိုသင်ကုန်းကျေးရွာ၊ ချမ်းသာအေးကုန်းကျေးရွာတို့နှင့် ဆက်စပ်ပြီး ရွာအဝင်တွင် စာသင်ကျောင်းရှိပါသည်။ ရွာ၏အနောက်ဘက်တွင် လယ်ကွင်းနှင့် သင်္ချိုင်းရှိပါသည်။ ယင်းအကြားတွင်ချောင်းရှိခြားပါသည်။ ရွာ၏ အလယ်ပိုင်းတွင် ကျန်းမာရေးဆေးပေးခန်း၊ ကွပ်ကဲရေးရုံးနှင့် ဆက်စပ်လျှက်ရှိသော အားကစားကွင်းရှိပါသည်။ ရွာလယ်လမ်းမနှင့် ဆက်စပ်၍ ဘုရားရှစ်ခိုးကျောင်းလည်းရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ရွာနှင့် (၁)မိုင်ခန့်ဝေးသော ပြာမလေ့မြစ်နှင့် ဆက်စပ်ထားသော ရွာဝင်ချောင်း ဆိပ်ခံကျောက်တံတားရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် (၁)မိုင်ဝေးသော ဝဲဒေါင့်ကျေးရွာနှင့် ကကရိုကျေးရွာတို့ ဆက်စပ်လျှက်ရှိပါသည်။ ဆားချက်ကျေးရွာ၏ တောင်ဘက်နှင့် ဆက်သွယ်ထားသော ချောင်းကူးကွန်ကရစ်တံတားရှိပါသည်။ ယင်းအကြားတွင် ချောင်းခြားပါသည်။ တောင်ဘက်ရွာအဝင်တွင် လယ်ကွင်းနှင့် ရှယ်တာရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ °C) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူလယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း (၁၅၇၄.၇၂)ရှိ ပြီး တစ်ချို့သော တောင်သူများမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၂၂)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၇)ဦး၊ အမျိုးသမီး (၆)ဦးတို့သည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့တွင် အမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦးတို့သည် စာသင်ကျောင်းရှိ ဆရာ/မများနှင့် ပူးပေါင်း၍ ရွာကျောင်း၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ အသင်းတော်အဖွဲ့တွင် အမျိုးသား(၂၅)ဦး၊ အမျိုးသမီး (၁၅)တို့သည် သာသာနာရေး လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ကျေးရွာမီးလင်းရေးအဖွဲ့တွင် အမျိုးသား(၅)ဦး၊ အမျိုးသမီး (၄)ဦးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှာ အမျိုးသမီး(၉)ဦး တို့သည့် ကျေးရွာတွင်းမီးလင်းရေး

လုပ်ငန်းများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများတိုးတက်စေရေးအတွက်ဆောင်ရွက်လျှက်ရှိပါသည်။ အရံမီးသတ်တပ်ဖွဲ့တွင် အမျိုးသား(၁၀)ဦးတို့မှာ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

ကျေးရွာတွင် အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့် ဆိုင်သော သာရေး၊ နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီအဖွဲ့တို့မှာ ဆောင်ရွက်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေး၊ ကျန်းမာရေး စသည့်အဖွဲ့အစည်းများစွာ ဖွဲ့စည်းထားပါသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြသော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပတ်မြန်မာ၊ IOM၊ သမဦးစီးဌာန အဖွဲ့အစည်းများရှိပါသည်။ ၎င်းအဖွဲ့အစည်းများအပြင် UNDP/KWAG/ကလေးအဖွဲ့များလဲရှိပါသည်။ ၎င်းပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် အသက်မွေးဝမ်းကြောင်းဝင်ငွေတိုး လုပ်ငန်းစသည့် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ယခင် UNDP မတည်ငွေဖြင့် လယ်သမားစိုက်ပျိုးစရိတ်ချေးငွေများ ယခုအချိန်ထိလည်ပတ်လျှက်ရှိပါသည်။ အမျိုးသမီးငွေစု၊ ငွေချေး အဖွဲ့လည်းရှိသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သက်သည့် လုပ်ငန်းများမှာ ကျေးရွာလူထုအတွက် အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ဆားချက်ကျေးရွာတွင် (၂ဧက)မှ (၁၂.၅ဧက) အကြားတောင်သူလတ် (၂၇)အိမ်ထောင်စု၊ (၁၂.၅ဧက)အထက် တောင်သူကြီး (၅၃)အိမ်ထောင်စု စသည်တို့ရှိပြီး စပါးသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးရေးလယ်ကေပိုင်ဆိုင်မှုမှာ (၁၅၇၄.၇၂ဧက)၊ ဥယျာဉ်ခြံမြေ (၈ဧက)၊ ဓနိတောမြေ (၂၃.၅ဧက)ရှိပါသည်။ ဥယျာဉ်ခြံနှင့် ဓနိတောများလုပ်ကိုင်မှု အနည်းငယ်သာရှိသည်။ လယ်လုပ်ငန်းကိုသာ အများဆုံးလုပ်ကိုင်ကြပါသည်။

ဆားချက်ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှု အိမ်ထောင်စုမှာ (၈၀%)ရှိပြီး မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂ဧက)မှ အများဆုံး (၆၇ဧက) ပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စု (၁၁၇%)ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်း ရေလုပ်ငန်းအရောင်းအဝယ်နှင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ကေ (၁၅၇၄.၇၂)အားလုံးအတွက် ရေအရင်းအမြစ်ကို တောင်သူလယ်သမားများကိုယ်တိုင် တာပတ်၍ မိုးရေခံကာ အလျှော့အတင်းပြုလုပ်၍ သုံးစွဲကြပါသည်။ ၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များသည် မိုးရာသီကုန်ဆုံးချိန်မှာ အငန်ဓာတ်ဝင်၍ နွေစပါးစိုက်ပျိုး၍ မရရှိပါ။ မိုးစပါးတစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာ ပိုင်ဆိုင်မှု အခြေအနေမှာ ထွန်စက် (၁)စီး၊ လက်တွန်းထွန်စက် (၅၈)စီး၊ ချွဲလှေ့စက်(၂၄)စီး၊ ရေစုပ်စက် (၄)စီး၊ မြက်ရိတ်စက်(၁)စီး အသီးသီးရှိကြသည်။ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများကို ပိုင်ဆိုင်မှု မရှိသော အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံးစက်ပစ္စည်းများကို ငှားရမ်း အသုံးပြုကြပါသည်။ အချို့မှာ ကျွဲ၊ နွား များဖြင့်လုပ်ကိုင်ကြပါသည်။ ကျွဲ၊ နွားဖြင့် လုပ်ကိုင်သူမှာ အနည်းငယ်မျှသာရှိသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှု အခြေအနေမှာ လှေ (၁)စင်း၊ စက်လှေ (၁၄)စင်း အိမ်ထောင်စု အသီးသီးမှ ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကြောင်းအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် တစ်ပိုင်၊ တစ်နိုင်ကြက်၊ ဝက်၊ ဘဲများ မွေးမြူခြင်း တစ်ချို့သောစိုက်စရိတ်အဖွဲ့အစည်းများမှလည်း ကျေးရွာသူ/သားများမှ ငွေထုတ်ချေးပေးနေပါသည်။ ရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာဝင်ငွေရ လုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများသည် အခြားပုဂ္ဂလိက များမှ ငွေ (၁၀၀)ကျပ်လျှင် အတိုးနှုန်း (၅)ကျပ်တိုးနှုန်း မှ (၂၀)ကျပ်တိုးနှုန်းအထိ ချေးယူကြရကြောင်း တွေ့ရှိရပါသည်။ အစိုးရ၏ ချေးငွေကို အချိန်မှီမရရှိခြင်း၊ ကာလတိုချေးငွေဖြစ်နေခြင်းကြောင့် ပုဂ္ဂလိကချေးငွေများ၏ အတိုးကြီးချေးငွေများကို လယ်သမားတစ်ချို့မှ လည်း (၅%)တိုးမှ (၂၀%)အတိုးထိ ချေးယူသုံးစွဲကြရပါသည်။ အစိုးရချေးငွေ၊ ပုဂ္ဂလိကဘဏ်၊ အတုးကြီးချေးငွေများသည် ကာလတိုချေးငွေများဖြစ်သည့်အတွက် စပါးဈေးမြင့်သော ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအထိ စပါးများကို မသိုလှောင်ထားနိုင်ဘဲ စပါးဈေး အနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားချက်မှာ စပါးတင်း (၁၀၀)လျှင် (၂)သိန်းမှ (၂)သိန်ခွဲအထိ ပုံမှန်ကွာခြားပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ဆားချက်ကျေးရွာတွင် နွားမွေးမြူသည့် အိမ်ထောင်စု (၄)အိမ်ရှိပြီး နွားအကောင်ရေ (၁၅)ကောင် ၊ ကျွဲမွေးထားသည့် အိမ်ထောင်စု (၄၄)အိမ်မှ ကျွဲအကောင်ရေ (၁၁၅)ကောင် ၊ အိမ်ထောင်စု (၆)အိမ်မှ ဆိတ် အကောင်ရေ (၂၈)ကောင်၊ အိမ်ထောင်စု (၆၃)အိမ်မှ ဘဲ (၃၅၈)ကောင်၊ အိမ်ထောင်စု (၁၄၃)အိမ်မှ ကြက်အကောင်ရေ (၇၅၀)ကောင်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြပြီး လက်သမား၊ ပန်းရန် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ကိုင်ကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကြောင်း နည်းပညာနှင့်အသေးစား အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ

အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှုရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြား ဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါး ပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရာဈေးကွက် အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု နည်းပါးပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေးစပါး၊ မိုး စပါးစိုက်ပျိုးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှာ တစ်ဧကလျှင် ကျပ် (၁၅၀၀၀၀)နှုန်းထုတ်ချေးပေးပါသည်။ ပုဂ္ဂလိက ငွေ စုငွေချေး အဖွဲ့အစည်းများအနေဖြင့် UNDP အဖွဲ့အစည်းမှ ကျေးရွာသူ/သားများ အား ငွေထုတ်ချေးပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများသည် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများသည် အခြားပုဂ္ဂိုကများမှ ငွေ (၁၀၀)ကျပ်အပေါ်တွင် အတိုးနှုန်း (၁၀)ကျပ်မှ (၂)ကျပ်အထိ အတိုး ယူကြကြောင်းတွေ့ရပါသည်။

အစိုးရ၏ လုံလောက်သော ချေးငွေကို အချိန်မှီမရခြင်း ကာတိုချေးငွေ ဖြစ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကချေးငွေ များ၏ အတိုးကြီးချေးငွေများကို လယ်သမားအများစုမှာ မှီခိုနေရပါသည်။အတိုးနှုန်းထားမှာ တစ်ဦးနှင့်တစ်ဦးတူညီသော်လည်း အနည်းဆုံးတစ်နှစ်လျှင် ၃၆% တို့မှ အများဆုံးတစ်နှစ်လျှင် ၆၀% တိုးထိ ချေးယူသုံးစွဲကြပါသည်။ အစိုးရဘဏ်ချေးငွေ၊ အတိုးကြီး ပြင်ပချေးငွေများအားလုံးသည် ကာလတိုချေးငွေများဖြစ်သည့် အတွက် စပါးဈေးမြင့်သော မေလ၊ ဇွန်လနှင့် ဇူလိုင်လထိအောင် သိုလှောင်မထားနိုင်ဘဲ စပါးဈေးအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားချက်များမှာ စပါးတင်း (၁၀၀)လျှင် (၃)သိန်းကျပ်မှ (၄)သိန်းကျပ်အထိ ပုံမှန်ကွားခြားပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာဆိပ်ခံတံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး အလှူရှင်မှာ ကျေးရွာလယ်သမားအဖွဲ့အစည်းမှ လှူဒါန်းထားခြင်းဖြစ်သည်။ တံတားမှာ အရည်အသွေးအားဖြင့် (၁၀)နှစ်မှ (၁၅)အတွင်းရှိပါသည်။ ကျေးရွာသည် ပြာမလော့မြစ် နှင့် ရွာချောင်းဆက်စပ်လျှက်ရှိသောကြောင့် မြစ်ကြောင်းအသုံးပြုခြင်းအားဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအဖြင့် စက်လှေများ၊ သင်္ဘောများဖြင့် နီးစပ်ရာ မြို့ကြီးများသို့ တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းနှင့် ကုန်းလမ်းအနည်းငယ်အသုံးပြု၍ရပါသည်။ ကျေးရွာသယ်ယူပို့ဆောင်ရေးအတွက် ယာဉ်အသုံးချမှုမှာ လှေ (၂၇)စင်း၊ စက်လှေ (၄၈)စင်း၊ စက်ဘီး (၇၆)စီး၊ ဆိုင်ကယ် (၃၅)စီး၊ ထော်လာဂျီ (၄)စီး ရှိပါသည်။ ရွာအဝင်ချောင်းကူးတံတား (၁)စင်း နှင့် သောက်သုံးရေ အနေဖြင့် ရေတွင်း၊ မြေသားရေကန်များကိုသာ အဓိကသုံးစွဲကြပါသည်။

လပွတ္တာမြို့သို့ ခရီးသည်နှင့်ကုန်စည်တင်ဆောင်ရန် သင်္ဘော (၂)စင်းရှိပါသည်။ ကုန်းလမ်းဆက်သွယ်ရေးအတွက် မြို့ပြနှင့် အခက်အခဲရှိပါသည်။ ပြာမလှော့မြစ်နှင့် ခြားသောကြောင့် အခြားယာဉ်များဖြင့် ဖြတ်ကူး၍ မရပါ။ ကုန်ပစ္စည်းများမှာ ပို့ဆောင်ရာတွင် အခက်အခဲရှိသောကြောင့် ရေလမ်းကြောင်းသာ အဓိကထား ပို့ဆောင်အသုံးပြုရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ဆားချက်ကျေးရွာသည် မဟာဓာတ်အားလိုင်း မရရှိခြင်းကြောင့် အိမ်ထောင်စု အများစုမှာ ဆိုလာမီးကို အသုံးပြုကြပါသည်။ ထို့ကြောင့် တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်းလောက်သာ အသုံးပြုပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင်မီးစက်ဖြင့် အသုံးပြုကြသည်။ ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်းမီး၊ မီးသွေးနှင့် စပါးခွံ စသည့် လောင်စာများကို အသုံးပြုပါသည်။ ထို့အတွက်ကြောင့် ကျေးရွာမီးလင်းရေးအတွက် လျာထားကျေးရွာအဖြစ်ပါဝင်ပါသည်။ ရွာလုံးကျွတ် မီးရရှိပါက ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အတွက်အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့်မြင့်မားလာမည်ဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆားချက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၉၉)လုံး၊ ရေဒီယို (၃၄)လုံး၊ တီဗွီ (၅၉)လုံး၊ ဂြိုလ်တုစလောင်း (၄၈)လုံး စသည်တို့ရှိသည့် အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာရရှိနိုင်သော ပစ္စည်းများအတွက် အသင့်အတင့်ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ဆားချက်ကျေးရွာ၏ ပညာရေးသည် အသင့်အတင့်သာရှိပါသည်။ ကျောင်းသား/သူ မူလအတန်းအဆင့်တွင် (၁၃၃)ဦးနှင့် အလယ်တန်းအဆင့်အတွင်(၅၉)ဦးရှိပြီး အထက်တန်းအဆင့်တွင် (၂၈)ဦးနှင့် တက္ကသိုလ်အဆင့်တွင် (၁၃)ဦး တို့ရှိပါသည်။ ကျေးရွာအနီးဝန်းကျင်တွင် မူလတန်းကျောင်းများသာရှိ၍ အလယ်တန်းနှင့် အထက်တန်းကို ဆားချက်ကျေးရွာသို့ လာ၍ တက်ရောက်ရပါသည်။ လာရောက်တက်ရောက်ကြသော ကျောင်းသား ဦးရေမှာ (၅၀%)တက်ရောက်ကြပါသည်။ တက္ကသိုလ်၊ပညာရေးကောလိပ်များကို ပုသိမ်မြို့သို့ သွားရောက်တက်ရပါသည်။ ကျေးရွာထဲရှိ ပညာသင်ယူနေသော ကျောင်းသား/သူများမှာ ကျေးရွာအတွင်းကျောင်းခွဲရှိ၍ အလွန်အဆင်သော်လည်း အခြားကျေးရွာမှ လာရောက်တက်ရောက်သော ကျောင်းသား/သူများ အခက်အခဲတွေ့ရှိရပါ

သည်။ အခြားမှလာသော ကျောင်းသား/သူများသည် ရေလမ်းကြောင်းဖြင့်လာရသောကြောင့် ရွာအဝင် တောင်ဘက်ပိုင်းတွင် ဆိပ်ခံတံတားတစ်ခုသည် သစ်သားတံတားဖြစ်၍ ခိုင်ခံ့မှုသိပ်မရှိတော့ပါ။ ကျေးရွာကျောင်းတွင် မသန်စွမ်းများအတွက် ပညာရေး သင်ကြားပေးခြင်းအစီအစဉ် မရှိခြင်း ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာသုံးစွဲနိုင်မှု လုံလောက်စွာမရှိခြင်း မှလွဲ၍ အခြားအခက်၊အခဲ နှင့် ပြဿနာများ မရှိကြောင်း တွေ့ရပါသည်။

ကျေးရွာ၏ကျောင်းတက်မှု နှုန်းမှာ မူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိ ကျေးရွာတွင်း ကျောင်းရှိသောကြောင့် ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းတက်နှုန်းမှာ တိုးတက်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဆားချက်ကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှု အခြေအနေမှာ တစ်ရွာလုံးအတိုင်းအတာနှင့် သုံးသပ်ပါက ကောင်းမွန်လာကြောင်းတွေ့ရပါသည်။ အထက်တန်းစာစစ်ဌာနနှင့် ပညာရေးဝန်ထမ်းများ ပြည့်စုံမှုမရှိသော်လည်း ရပ်မိ၊ ရပ်ဖများ၊ အဖွဲ့အစည်းများ၊ ကျောင်းကော်မတီများနှင့် ကျောင်းသားမိဘများ၏ ပညာရေးအားပေးအားမြောက်မှု ရှိခြင်းတို့ကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေနှင့် စာတတ်မြောက်မှုမှာ ယခင်ထက် ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ဆားချက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသောကြောင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးပညာပေး အစီအစဉ်အခန်းများကိုလည်း လအလိုက် ပုံမှန်ဆောင်ရွက်ခြင်းများ ပြုလုပ်သည် ကိုတွေ့ရပါသည်။ အရေးပေါ်လူနာရှိပါက ဘီတွတ်(သို့မဟုတ်)လပွတ္တာမြို့သို့ သွားရောက်ကုသရပါသည်။ ရေလမ်းကြောင်းဖြင့် သွားရသောကြောင့် အခက်အခဲများစွာ ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တစ်ခါတစ်ရံ ရာသီဥတု ပြောင်းလဲမှုကြောင့် ရာသီဖျားနာခြင်းများဖြစ်လေ့ ရှိပါသည်။ ကျေးရွာအတွင်းရှိ (၂)လမှ (၁၈)လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက်အတိုင်း အချိန်မှန် ထိုးနှံပေးပါသည်။ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက် ဝမ်းလျော ရောဂါများဖြစ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာအတွင်းရှိ ကလေးများသည် အဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ သန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိသော ရွာဖြစ်ပါသည်။

ဆားချက်ကျေးရွာသည် အိမ်ထောင်စု (၁၉၇)လုံး ရှိပြီး သန့်ရှင်းသော အိမ်သာသုံး အိမ်ထောင်စု စုစုပေါင်း (၁၈၅)အိမ် ရှိပါသည်။ တွင်းမရှိသောအိမ်သာ (၅)လုံးတို့သည် မြစ်ကမ်းဘေး အိမ်သာများဖြစ်ကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျေးရွာသည် စနေနေ့တိုင်းသန့်ရှင်းရေး စုပေါင်း ကလေးများ အမှိုက်ကောက်ခြင်း ပြုလုပ်ကြသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍမှာ ဗဟုသုတများစွာရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် မိုးရေချိန် (၈၀%)ဖြစ်ပြီး ရေကြီးရေလျှံမှု အနည်းငယ်ရှိပါသည်။ ရေလွှမ်းမိုး၍ သီးနှံပျက်ဆီးမှု နည်းပါးပါသည်။ မျိုးကြဲချိန်တွင် အချိန်မီ ကြဲ၍ မရပါ။ ရေငန်ဝင်ထားသော လယ်ကွင်းများသည် မျိုးကြဲရာတွင် နောက်ကျမှ ကြဲရပါသည်။ အချို့လယ်သမားမှာ ရေငန်လွှမ်းမိုး မှုကြောင့် သီးနှံပျက်ဆီးမှုများ ရှိပြီး နည်းပါးပါသည်။ တောင်သူများသည် ပိုးသတ်ဆေး၊ ဓာတ်မြေ ဩဇာများကို သုံးစွဲကြပါသည်။ မြေဆီလွှာပျက်ဆီးမှုမှာ ဆိုးဆိုးရွားရွားမရှိပါ။ ကျေးရွာသူ/သားများ သည် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း မရှိသောကြောင့် သဘာဝပတ်ဝန်းကျင်မှာ ညစ်နွမ်းရ ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေး ခြင်း လိုအပ်ပါသည်။ ကျေးရွာရှိ ပြည်သူလူထုများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဗဟုသုတများပြီး ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာဖြစ်လာမည် ဖြစ်ပါသည်။ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုများဖြင့် အမှိုက်စီမံခန့် ခွဲမှုစနစ်များအား ကျေးရွာသူ/သားများ၏ စနစ်တကျစွန့်ပစ်တက်ရန်အတွက် ပညာပေးဟောပြော ထားပြီး အမှိုက်ကင်းစင်ကျေးရွာ အဖြစ်ဆောင်ရွက်လျှက်ရှိပါသည်။

## ၉။ ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် လူဦးရေအားဖြင့် အမျိုးသား (၅၁၈)ဦး၊ အမျိုးသမီး (၅၀၇)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် အမျိုးသား (၃၄၆)ဦး၊ အမျိုးသမီး (၃၂၈)ဦး ရှိပါသည်။ ကျား/မ ရေးရာ နှင့် ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်တွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ် စသည့် လုပ်သားများ ဌားရမ်းလုပ်ဆောင်ကြပါ သည်။ တစ်ရက်လျှင် လုပ်အားခ အများဆုံးနှုန်းမှာ ငွေကျပ် (၅၀၀၀ မှ ၇၀၀၀ )အထိနေ့စားခ ရ၍ ရေလုပ်ငန်းများမှာ ငွေကျပ် (၅၀၀၀)ကျပ်အထိ ရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာ ရှိ၍ အလုပ်လက်မဲ့ ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေလုပ်ငန်း အလွန်နည်းပါးကြပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း၊ စက်ချုပ်၊ ဈေးရောင်း စသောကိစ္စများ ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း ပါဝင်ကြပါသည်။ ကျေးရွာတွင် အကြမ်းဖက်မှု များမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာ ရှိသည်။ ခိုးဆိုးလုယက်မှု မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး အထိ ကျား/မ တန်းတူ အခွင့်အရေးရှိပါသည်။

## ၁၀။ ဆားချက်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ကုန်ထုတ်လမ်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | စာသင်ကျောင်းဆောင်အသစ် | ၃ |
| ၄ | စီးပွားရေး | အတိုးနည်းချေးငွေ | ၄ |
| ၅ | အခြေခံအဆောက်အဦ | ကမ်းထိန်းနံရံ | ၅ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

**ကျေးရွာ - ဆားချက်**

**ကျေးရွာအုပ်စု - ဆားချက်**

**မြို့နယ် - လပွတ္တာ**

**တိုင်းဒေသကြီး/ပြည်နယ် - ဧရာဝတီ**

**စီမံချက်အမည် – ကွန်ကရစ်ဘီးလမ်း (၉၃၆'×၂(၃')×၆") အဆင့်သို့**

**ဝမြှင့်တင်ခြင်းလုပ်ငန်း**

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

. ယခုလက်ရှိလမ်းပိုင်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့်အခါတွင် ရေပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။

. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ပြန် အခက်အခဲများရှိနေပါသည်။

. ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

. မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊

. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊

. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေး

စေရန်၊

**မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

. ကွန်ကရစ်ဘီးလမ်းခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေလွယ်ကူလာမည်။

. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက်နှုန်း နည်းလာပြီး ပညာတက်မြောက်သူဦးရေ များလာမည်။

. ကျန်းမာရေး အရေးပေါ် အခြေအနေတွင်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်မပြေသောကြောင့် မြို့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်နေရာများသို့ အချိန်မှီ ပို့ပေးနိုင်ပြီး မတော်တဆ ဆေးဆုံးမှု လျော့ကျလာပါလိမ့်မည်။

. ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မှီတားဆီးနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

. ဆားချက်ကျေးရွာတွင်း မြေသားလမ်း (၉၃၆'×၂(၃')×၆'')အား ကွန်ကရစ်ဘီးလမ်းအဆင့်သို့မြှင့်တင်ခြင်း

.

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| . ၁၀၀၀၀၀၀၀ိ/- (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| . ၂၀၀၀၀၀၀ိ/- (ငွေသား) | . ကျေးရွာ |

| | | လူဦးရေ | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| အကျိုးခံစားသူဦးရေ | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၅၁၈ | ၅၀၇ | ၁၀၂၅ | ၅၃ | ၂၂ | ၅ | ၁၁၇ | ၁၉၇ |
| အကျိုးခံစားမည့်သူဦးရေ | ၅၁၈ | ၅၀၇ | ၁၀၂၅ | ၅၃ | ၂၂ | ၅ | ၁၁၇ | ၁၉၇ |

မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**

. ဆားချက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း-၂-၃-၂၀၂၁**

**(၃) စီမံချက်ပြီးစီးမည့်အချိန်-၇-၄-၂၀၂၁**

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**

. ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။

. ဆားချက်ကျေးရွာမှ ကျေးရွာသူ/သားများမှ ငွေကြေးကျပ်(၂၀)သိန်းအားပူးပေါင်း ထည့်ဝင်ပါမည်။

. လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်

အလိုက်ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။

. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက လုပ်ဆောင်ပါမည်။

. လမ်းအခြေအနေအား ရေရှည်တည့်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများ မှဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်၊

. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

## ဆားချက်ကျေးရွာ၊ ဆားချက်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသာထွန်းဖြူ | ဦးစံထွန်းကျော် | ၁၄/လပတ(နိုင်)၀၁၃၁၁၂ | ၅၃ | ဥက္ကဋ္ဌ | ၀၉-၄၀၂၆၀၈၃၁၈၅ |
| ၂ | ဦးသောအယ်ကလူ | ဦးစောစေးဖ | ၁၄/ပစလ(နိုင်)၀၀၄၀၀၆ | ၃၂ | အတွင်းရေးမှူး | ၀၉-၆၇၀၃၉၃၄၂၆ |
| ၃ | ဦးဆာကပေါ်ထူး | ဦးသိန်းဘမောင် | ၁၄/လပတ(နိုင်)၁၂၁၃၅၆ | ၅၃ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၈၈၉၂၄၉၇ |
| ၄ | နော်သကြ်န်မိုး | ဦးတာဆီဆီ | ၁၄/လပတ(နိုင်)၁၅၀၃၁၉ | ၃၃ | စာရင်းကိုင် | ၀၉-၆၈၃၇၄၃၇၈၄ |
| ၅ | ဦးစောစိုင်းဝင်းနယ် | ဦးစိုင်းထယ် | ၁၄/လပတ(နိုင်)၁၄၇၁၈၆ | ၄၀ | အဖွဲ့ဝင် | ၀၉-၆၇၃၉၂၁၇၇၇ |
| ၆ | ဒေါ်ပဲ်ဟနာ | ဦးတကျော် | ၁၄/လပတ(နိုင်)၁၂၈၂၁၅ | ၅၇ | အဖွဲ့ဝင် | ၀၉-၆၇၀၃၃၄၈၃၉ |
| ၇ | ဦးနိုင်ဝင်း | ဦးအဟိုး | | ၅၀ | အဖွဲ့ဝင် | |
| ၈ | နော်မရိုင်ဒါ | ဦးသာဦးကြီး | ၁၄/ပစလ(နိုင်)၀၀၁၃၄၂ | ၄၅ | အဖွဲ့ဝင် | ၀၉-၆၈၈၂၀၀၄၀၈ |
| ၉ | ဒေါ်မူးရေ | ဦးပူးဂီ | ၁၄/လပတ(နိုင်)၁၂၈၂၁၉ | ၄၇ | အဖွဲ့ဝင် | ၀၉- |
| ၁၀ | ဂျိမ်းစိုးဇော် | ဦးမြင့်ဦး | ၁၄/လပတ(နိုင်)၁၄၉၂၉၉ | ၂၉ | အဖွဲ့ဝင် | ၀၉-၂၅၃၃၇၀၀၆၈ |
| ၁၁ | ဒေါ်နော်ဒါရီ | ဦးအုန်းမြင့် | ၁၄/လပတ(နိုင်)၀၃၉၁၄၇ | ၃၁ | အဖွဲ့ဝင် | ၀၉-၆၆၁၉၇၆၇၃၃ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၁၅ | ၂၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၁ | ၃၁ | ၇၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၆ | ၅၈ | ၁၀၄ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆၂ | ၅၇ | ၁၁၉ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၆ | ၃၂၈ | ၆၇၄ | ၇ | ၃ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၈ | ၃၁ | ၂ | |
| စုစုပေါင်း | | ၅၁၈ | ၅၀၇ | ၁၀၂၅ | ၁၀ | ၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၉၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)၁၈ နှစ်မ ပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁ ၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ဆားချက်ကျေးရွာရှိစုစုပေါင်းအိန်ထောင်စုမှာ၁၉၇အိမ်ထောင်စု၁နှစ်အောက် ကျားမစုစုပေါင်း (၂.၄၃%)၊၅နှစ် အောက်ကျားမလူဦးရေ(၇.၀၂%)၊မူလတန်းကျောင်းသားအရွယ်(၁၀.၁၄%)၊အ လယ်တန်းကျောင်း သားအရွယ်(၁၁.၆၀%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၆၅.၇၅%)၊သက်ကြီးရွယ်ကြီး(၃.၀၂၄%) ရှိကြောင်းကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၀ | ၈၈ | ၁၂ | ၁၂၁ | ၄၉ | | မြင့် ✔ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | ၁၉၆ | ၁၈ | ၁၁၁ | ၈၅ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၃၁၀ | ၂၃ | ၁၅၁ | ၁၅၉ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၃၁ | ၁ | ၁၇ | ၁၄ | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၉ | | ၁၂ | ၇ | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချက်စွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၁၆ | | ၁၆ | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၂၂ | | ၂၂ | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၆ | | ၆ | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | ၂ | | ၁၁ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၃ | ၂၃ | | ၇ | ၁၆ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br>(မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြပါ ရှိနှံ့ဖိုက်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၁၀၅ | ၁၉၆ | ၁၈ | ၁၁၁ | ၈၅ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁၈ | ၁၁၁ | ၈၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၉၇ | ၅၆၀ | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။**"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။ ဆားချက်ကျေးရွာ၏စိုက်ပျိုးရေးကဏ္ဍတွင် ကိုယ်ပိုင်လုပ်ငန်းရပ်တည်နိုင်မှုမြင့်မားၿ အလုပ်သမားဝန်ထမ်း အလယ်အလတ်ရှိခြင်း၊မွေးမြူရေးကဏ္ဍတွင်အသင့်တင့်လုပ်ကိုင်ကြပြီး၊ရေလုပ်ငန်းအဆင့်တွင် ကိုယ်ပိုင် တည်နိုင်မှုနည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | | ၃၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၅၀၀၀ | | ၃၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ ဆားချက်ကျေးရွာစိုက်ပျိုးရေးကဏ္ဍတွင်နေ့စားအများဆုံးတစ်ဦးလျှင်(၆၀၀၀)ကျပ် အနည်းဆုံး တစ်ဦးလုပ်အားခ(၅၀၀၀)ကျပ် အမျိုးသမီးအများဆုံး(၆၀၀၀) ကျပ်၊အနည်း(၅၀၀၀) ကျပ်ရရှိသည်ကို တွေ့ရပါသည်။ပ န်းရံနေ့စား ခများအများဆုံး(၁၀၀၀၀)ကျပ်အနည်းဆုံး (၈၀၀၀)ကျပ်စက်ကိရီယာပြင်ဆင်နိုင်ရေးတွင် တစ်နေ့လျှင်အများဆုံး(၅၀၀၀)အနည်းဆုံး(၃၀၀၀)ကျပ် ဆံပင်အပ်ချုပ်လုပ်သမားများတစ်နေ့(၅၀၀၀) ကျပ်ရရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၅၇၄.၇၂ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၈ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၂၃.၅ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၆၀၆.၂၂ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထ ားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ဆားချက်ကျေးရွာ၏မြေအမျိုးအစားမှာလယ်ယာမြေ၊ဓနိတောမြေ၊ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက် ကျသည်ကိုတွေ့ရပါသည်။ လယ်ယာမြေဧရိယာမှာ (၁၅၇၄.၇၂)ဥယျာဉ်ခြံမြေ၊(၈)ဧက၊ ဓနိတောမြေ၂၃.၅ဧက စုစုပေါင်း၁၆၀၆.၂၂ ဧကရှိပြီး မြေဆီလွှာအရည်အသွေးသင့်မှုကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ | များ ☐ သင့်☐ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (ခေတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | မရှိ ✔ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ✔ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✔ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ဆားချက်ကျေးရွာတွင် လယ်လုပ်ငန်းပြီးစီးချိန်တွင် လယ်ကွက်များနှင့် လယ်ကွက်ဘေးတို့တွင် ကျွဲ၊နွားစားကျက်အဖြစ်အသုံးပြုကြပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် ငှက်မျိုး များ၊ ငါး၊ ပုဇွန်၊ဂဏန်းစသည့်တို့ကိုတွေ့ရှိရပါသည်။ ရွာပတ်ဝန်းကျင်နှင့်အနီးတွင် ဒီရေတောများအနည်းငယ်ပေါက်ရောက်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ကေမှ၂၅ကေထိ | ၁၀ကေမှ၁၂ကေထိ | ၅ကေမှ၁၀ကေထိ | ၂ကေမှ၅ကေထိ |
| အိမ်အခြေအနေ | ဓနိမိုး၊ပျဉ်ခင်း၊ဓနိကာ | ဓနိမိုး၊ဓနိကာ | ဓနိမိုး၊ဓနိကာ | ဝါးအိမ်၊ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | စက်လှေ၊ထွန်စက် | စက်လှေ/လှေ | လှေ | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စိုက်ပျိုးရေး/ရေလုပ်ငန်း | စိုက်ပျိုးရေး/ရေလုပ်ငန်း/ဈေးရောင် | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၅၃ | ၂၂ | ၅ | ၁၁၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

